ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၆/၂၀၁၆
နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ရက်
(၂၀၁၆ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၄ ရက်)

## ယာယီတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄(ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ် နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်၊အကျိုးသက်ရောက်ခြင်းနှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤလုပ်ထုံးလုပ်နည်းများကို ယာယီတင်သွင်းခြင်း (Temporary Admission ) ဆိုင်ရာလုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

(ခ) ဤလုပ်ထုံးလုပ်နည်းများသည် စတင်ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) ပြည်ထောင်စုဝန်ကြီးဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

(ခ) ညွှန်ကြားရေးမှူးချုပ်ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဂ) ယာယီတင်သွင်းခြင်းဆိုသည်မှာ သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ရန် ရည်ရွယ်သော ပစ္စည်းများအား အကောက်ခွန်နှင့် အခြားအခွန်အခများအားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ကင်းလွတ်ခွင့်ဖြင့် အကောက်ခွန်နယ်မြေထဲသို့ တင်သွင်းခြင်းကိုဆိုသည်။

(ဃ) အာမခံစပေါ်ငွေဆိုသည်မှာ အကောက်ခွန်ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်ထားသည့် ယာယီတင်သွင်းခွင့်ပြုသော ပစ္စည်းများအတွက် သတ်မှတ်ခွင့်ပြုကာလအတွင်း အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည့် ငွေကြေးပမာဏကိုဆိုသည်။

## အခန်း(၂)

## တင်သွင်းခွင့်ပြုသည့်ပစ္စည်းများနှင့် တင်သွင်းခွင့်ကာလသတ်မှတ်ခြင်း

၃။ အောက်ဖော်ပြပါကာလအပိုင်းအခြားအလိုက် ယာယီတင်သွင်းခွင့်ပြုသည့် ပစ္စည်းအမျိုးအစားများအား အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်ရန်မလိုဘဲ ယာယီတင်သွင်းခွင့်ပြုမည်-

(က) ၃ လ သက်တမ်းဖြင့် ယာယီတင်သွင်းခွင့်ပြုမည့်ပစ္စည်းများ

(ခ) ၆ လ သက်တမ်းဖြင့် ယာယီတင်သွင်းခွင့်ပြုမည့်ပစ္စည်းများ

(ဂ) ၁၂ လ သက်တမ်းဖြင့် ယာယီတင်သွင်းခွင့်ပြုမည့်ပစ္စည်းများ

၄။ အထက်အပိုဒ် ၃(က) (ခ) နှင့် (ဂ) တို့ပါ သတ်မှတ်သက်တမ်းကာလထက် လျော့နည်း၍ လျှောက်ထားခဲ့သော်လည်း အခြေအနေလိုအပ်ချက်အရ သတ်မှတ်သက်တမ်းကာလအထိ တိုးမြှင့်ပေးရန် ထပ်မံလျှောက်ထားလာပါက ညွှန်ကြားရေးမှူးချုပ်ကစိစစ်၍ ခွင့်ပြုပေးမည်ဖြစ် ပါသည်။

၅။ နိုင်ငံသားများနှင့် ပြည်တွင်း၌ လာရောက်နေထိုင်သော နိုင်ငံခြားသားများသည် ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းဆိုင်ရာ ယာဉ်နှင့်ပစ္စည်းများအား ပြန်လည်တင်ပို့မည် ဖြစ်ကြောင်း ခံဝန်ကတိနှင့် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်/ခွင့်ပြုချက်ဖြင့် ယာယီတင်သွင်းရန် လျှောက်ထားလာပါက အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်ရန်မလိုဘဲ အပိုဒ် ၃(ခ)နှင့် (ဂ) တို့တွင် ဖော်ပြထားသည့်အတိုင်း တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

၆။ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များသည် ကိုယ်ပိုင်သုံးပစ္စည်းများ၊ ပြည်တွင်း၌ အသုံးပြုမည့် ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းဆိုင်ရာ ယာဉ်နှင့်သက်ဆိုင်ရာဌာန၏ ထောက်ခံချက်/ခွင့်ပြုချက်ဖြင့် တင်သွင်းရမည့် ပစ္စည်းများနှင့်ပတ်သက်၍ ယာယီတင်သွင်းရန် လျှောက်ထားလာပါက ပြည်ဝင်ခွင့်ရသည့် သက်တမ်းကာလအထိ အာမခံစပေါ်ငွေပေးသွင်းရန် မလိုဘဲ ခွင့်ပြုမည်ဖြစ်သည်။

၇။ နိုင်ငံတော်က တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပိတ်ပင်ထားခြင်း မရှိသောယာဉ်နှင့် ကုန်ပစ္စည်းများကိုသာ ယာယီတင်သွင်းခွင့်ပြုမည်ဖြစ်သည်။ သီးခြားအစီအစဉ်ဖြင့် ယာယီတင်သွင်းမည့် ယာဉ်နှင့်ပစ္စည်းများအတွက် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်/ထောက်ခံချက် ရယူရမည်။

## အခန်း(၃)
## တင်သွင်းခွင့်လျှောက်ထားခြင်းနှင့် အာမခံစပေါ်ငွေပေးသွင်းခြင်း

၈။ ယာယီတင်သွင်းခွင့်လျှောက်ထားရာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) ယာယီတင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ တန်ဖိုး၊ အရေအတွက်၊ အလေးချိန်။

(ခ) ယာယီတင်သွင်းလိုသည့်ကာလ။

(ဂ) သတ်မှတ်ကာလအတိုင်း ပြန်လည်တင်ပို့ခြင်းမပြုပါက ကျသင့်အခွန်အခများနှင့် ဒဏ်ကြေးများပေးဆောင်မည်ဖြစ်ကြောင်း ခံဝန်ကတိဖြင့် သက်ဆိုင်ရာဌာန၊ ကုမ္ပဏီအကြီးအကဲ၊ တင်သွင်းသူကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ယာယီတင်သွင်းလိုကြောင်း လျှောက်လွှာ။

(ဃ) Invoice မူရင်း။

(င) Packing List မူရင်း။

(စ) Bill of Loading သို့မဟုတ် Airway Bill သို့မဟုတ် Truck Note မူရင်း။

၉။ အထက်အပိုဒ် ၅ အရ ယာယီတင်သွင်းခွင့် လျှောက်ထားသူများသည် ယာယီတင်သွင်းခွင့် ရရှိပါက အကောက်ခွန်ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့်အတိုင်း ယာဉ်နှင့်ပစ္စည်းအတွက် အာမခံစပေါ်ငွေကို အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းထားရမည်။

## အခန်း(၄)
## ပြန်လည်တင်ပို့ခြင်း၊ အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးခြင်းနှင့် အခြားစနစ်သို့ ပြောင်းလဲခြင်း

၁၀။ ယာယီတင်သွင်းလာသည့် ပစ္စည်းများအား ပြန်လည်တင်ပို့သည့်အခါတွင်လည်းကောင်း၊ ယာယီတင်သွင်းခြင်းစနစ်မှ အခြားစနစ်သို့ ပြင်ဆင်ပြောင်းလဲသည့်အခါတွင်လည်းကောင်း၊ ယာယီတင်သွင်းခြင်းပြီးဆုံးသည်ဟု သတ်မှတ်သည်။

၁၁။ ပြန်လည်တင်ပို့ခြင်း၊ အခြားစနစ်သို့ ပြင်ဆင်ပြောင်းလဲခြင်းများကို မူလယာယီတင်သွင်းစဉ်က တင်ပြထားသော အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထား၍ ခွင့်ပြုချက်ရယူရမည်။ အကယ်၍ လိုင်စင်လျှောက်ထားရန် လိုအပ်သည့်ပစ္စည်း

များဖြစ်ပါက သွင်းကုန်လိုင်စင်ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၂။ ယာယီတင်သွင်းသည့် ပစ္စည်းများ ပြန်လည်တင်ပို့ပြီးပါက မူလပေးသွင်းထားသော အာမခံစပေါ်ငွေကို ပြန်လည်ထုတ်ပေးရမည်။ ယာယီတင်သွင်းခွင့်ပြုသည့် သတ်မှတ်ကာလအတွင်း အခြားစနစ်သို့ ပြင်ဆင်ပြောင်းလဲပါက သတ်မှတ်ထားသော ပစ္စည်းတန်ဖိုးပေါ်တွင် ကျသင့်သော အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးသွင်းရမည်။

၁၃။ ယာယီတင်သွင်းလာသည့် ပစ္စည်းများကို ပြန်လည်တင်ပို့ရာတွင် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) သတ်မှတ်သည့်အချိန်ကာလအတွင်း ပြန်လည်တင်ပို့ရမည်။

(ခ) ပြန်လည်တင်ပို့သည့် ပစ္စည်းသည် အသုံးပြုခြင်းကြောင့် မူလတန်ဖိုးအရည်အသွေး လျော့နည်းမှုမှ အပအခြားပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားခြင်းမရှိသော မူလပစ္စည်းများသာဖြစ်ရမည်။

၁၄။ သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမရှိပါက တင်သွင်းစဉ်ကပေးသွင်းထားသည့် အာမခံစပေါ်ငွေကို သိမ်းယူခြင်းခံရမည်။ ထို့ပြင် သတ်မှတ်ထားသော ပစ္စည်းတန်ဖိုးပေါ်တွင် ကျသင့်သော အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်ရမည်။

## အခန်း(၅)
## တားမြစ်ခြင်း

၁၅။ ယာယီတင်သွင်းခွင့်ပြုထားသော ယာဉ်နှင့် ပစ္စည်းများကို အခြားမည်သည့်ပုဂ္ဂိုလ်၊ ဌာန အဖွဲ့အစည်းကိုမျှ ငှားရမ်းခြင်း/ ထပ်ဆင့်ငှားရမ်းခြင်းမပြုရ။

## အခန်း(၆)
## အထွေထွေ

၁၆။ ယာယီတင်သွင်းခွင့်ပြုထားသည့် ပစ္စည်းများ (သယ်ယူပို့ဆောင်သည့်ယာဉ်အပါအဝင်) သည် မတော်တဆမှုကြောင့်ဖြစ်စေ၊ ရှောင်လွှဲ၍မရသော အကြောင်းများကြောင့်ဖြစ်စေ အလွန်အမင်းပျက်စီးခဲ့ပါက ယာယီတင်သွင်းခွင့်ကို ရပ်ဆိုင်းနိုင်ပြီး အကောက်ခွန်ဦးစီးဌာနက အောက်ပါတို့ကို ဆုံးဖြတ်ပေးနိုင်သည်-

(က) ပျက်စီးနေသည့် ပစ္စည်းများ၏ အခြေအနေပေါ်တွင် ကျသင့်သည့်အခွန်အခများ ထမ်းဆောင်စေခြင်း။

(ခ) ပျက်စီးသည့်ပစ္စည်းများကို ယာယီတင်သွင်းခွင့်ပြုသောနယ်မြေ၏ အခွင့်အာဏာရှိသော အဖွဲ့အစည်းများထံသို့ စွန့်လွှတ်လွှဲအပ်ပါက အဆိုပါပစ္စည်းများ အပေါ်တွင် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း။

(ဂ) ပျက်စီးသည့်ပစ္စည်းများကို ယင်းပစ္စည်းနှင့် သက်ဆိုင်သောပုဂ္ဂိုလ်/အဖွဲ့အစည်းများက ကုန်ကျစရိတ်ကျခံ၍ အကောက်ခွန်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖျက်ဆီးပါက အဆိုပါပစ္စည်းများမှ ဆယ်တင်ထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ပစ္စည်းများကို ပြည်တွင်းသုံးရန်ဖြစ်လျှင် ယင်းပစ္စည်းများ၏ ပျက်စီးနေသည့် အခြေအနေပေါ်မူတည်၍ အခွန်အခများ ပေးဆောင်ရမည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် ကာလအပိုင်းအခြားအလိုက် ယာယီတင်သွင်းခွင့်ပြုသည့် ပစ္စည်းအမျိုးအစားများ၊ အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ ပြင်ဆင်ရန်လိုအပ်သည့်အခါ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

၁၈။ အစိုးရဌာနများ/နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများက အထူးကိစ္စအနေဖြင့် ပစ္စည်းများ ယာယီတင်သွင်းမည်ဆိုပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

၁၉။ ဤအမိန့်ကြော်ငြာစာပါ ယာယီတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်းမပြုပါက ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၁) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

(ဝင်းရှိန်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဘဏ္ဍာ-၁/၃/၂-၁ (၁၅၈၃/၂၀၁၆)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာနရှိဦးစီးဌာနနှင့်အဖွဲ့အစည်းများအားလုံး
သက်ဆိုင်ရာပုဂ္ဂိုလ်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေငြာပေးပါရန်
မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ရုံးဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး